| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | ၁,၆၈၄.၉၆၄ | -၁,၆၈၄.၉၆၄ | ၀.၇၇၀ | ၇၉၉.၅၁၇ | -၇၉၈.၇၄၇ | | ၄၇.၄၅% |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | | ၁၃,၆၇၅.၉၅၃ | -၁၃,၆၇၅.၉၅၃ | ၃.၈၅၈ | ၁၇,၉၃၇.၃၈၈ | -၁၇,၉၃၃.၅၃၀ | | ၁၃၁.၁၆% |
| | ၄ | ကာကွယ်ရေး | | ၃၅၇.၅၅၄.၆၇၀ | -၃၅၇.၅၅၄.၆၇၀ | | ၁၄၈,၆၈၅.၈၈၃ | -၁၄၈,၆၈၅.၈၈၃ | | ၄၁.၅၈% |
| | ၅ | နယ်စပ်ရေးရာ | | ၂၅,၄၈၂.၆၈၃ | -၂၅,၄၈၂.၆၈၃ | | ၂၅,၇၀၂.၁၆၄ | -၂၅,၇၀၂.၁၆၄ | | ၁၀၀.၈၆% |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | ၂၈.၂၀၂ | -၂၈.၂၀၂ | | ၁၀.၃၁၁ | -၁၀.၃၁၁ | | ၃၆.၅၆% |
| | ၇ | ပြန်ကြားရေး | ၅,၇၀၀.၀၉၅ | ၁၁,၂၅၇.၉၂၁ | -၅,၅၅၇.၈၂၆ | ၃,၄၆၁.၉၀၂ | ၄,၅၉၃.၅၈၆ | -၁,၁၃၁.၆၇၄ | ၆၀.၇၃% | ၄၀.၈၀% |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | ၆၁၄.၁၉၂ | -၆၁၄.၁၉၂ | | ၄၉၈.၄၆၁ | -၄၉၈.၄၆၁ | | ၈၁.၁၆% |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | -၁၉.၉၉၉.၆၇၂ | ၃,၃၃၆.၈၉၇ | -၂၃,၃၃၆.၅၆၉ | ၂.၁၀၃ | ၃,၄၆၉.၆၄၅ | -၃,၄၆၇.၅၄၂ | | ၁၀၃.၉၈% |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၁၄,၈၀၀.၃၄၀ | ၁၃၃,၀၂၈.၂၅၄ | -၁၁၈,၂၂၇.၉၁၄ | ၁၃,၉၉၁.၀၄၄ | ၉၄,၂၀၈.၄၀၃ | -၈၀,၂၁၇.၃၅၉ | ၉၄.၅၃% | ၇၀.၈၂% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇,၈၄၁.၃၀၉ | ၆၃,၁၆၈.၀၄၇ | -၅၅,၃၂၆.၇၃၈ | | ၄၇,၇၈၆.၂၉၂ | -၄၇,၇၈၆.၂၉၂ | | ၇၅.၆၅% |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၂,၁၉၅.၆၀၀ | ၅,၈၀၂.၃၅၆ | -၃,၆၀၆.၇၅၆ | ၁,၈၂၃.၂၈၀ | ၆,၆၀၃.၇၂၉ | -၄,၇၈၀.၄၄၉ | ၈၃.၀၄% | ၁၁၃.၆၂% |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၈၉.၃၉၈ | ၇၃,၆၉၉.၁၉၈ | -၇၃,၆၀၉.၈၀၀ | | ၇၃,၇၁၅.၆၀၈ | -၇၃,၇၁၅.၆၀၈ | | ၁၀၀.၀၂% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၁.၃၇၀ | ၁,၅၃၄.၇၆၄ | -၁,၅၃၃.၃၉၄ | | ၄၅၄.၉၉၆ | -၄၅၄.၉၉၆ | | ၂၉.၆၅% |
| | ၁၅ | စက်မှု | ၁၉၇.၇၇၂ | ၈၀၇.၂၉၄ | -၆၀၉.၅၂၂ | ၁၉၇.၇၇၂ | ၇၅၁.၄၁၉ | -၅၅၃.၆၄၇ | ၁၀၀.၀၀% | ၉၀.၉၄% |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၈၂.၄၀၆ | ၂၇၄.၈၃၃ | -၁၉၂.၄၂၇ | ၄၈.၇၀၆ | ၄၂၉.၂၀၅ | -၃၈၀.၄၉၉ | ၅၉.၁၂% | ၁၅၆.၁၇% |
| | ၁၇ | ပညာရေး | ၆,၄၅၅.၂၅၉ | ၁၀၁,၉၂၈.၈၃၆ | -၉၅,၄၇၃.၅၇၇ | ၁၇၈.၅၄၄ | ၇၈,၃၄၇.၈၂၉ | -၇၈,၁၆၉.၂၈၅ | ၂.၇၇% | ၇၆.၈၇% |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၁၁,၀၉၈.၃၀၄ | ၁၁၅,၀၂၃.၂၈၅ | -၁၀၃,၉၂၄.၉၈၁ | ၁၀,၁၀၃.၆၁၈ | ၅၂,၄၃၇.၈၂၃ | -၄၂,၃၃၄.၂၀၅ | ၉၁.၀၄% | ၄၅.၅၉% |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃,၈၄၉.၉၉၀ | ၁၂,၅၅၇.၁၇၉ | -၈,၇၀၇.၁၈၉ | ၁,၈၃၇.၅၇၀ | ၆,၉၈၉.၄၀၈ | -၅,၁၅၁.၈၃၈ | ၄၇.၇၃% | ၅၅.၆၆% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | | ၄၈၆.၇၂၂ | -၄၈၆.၇၂၂ | ၁.၁၉၄ | ၄၀၅.၁၄၇ | -၄၀၃.၉၅၃ | | ၈၃.၂၄% |
| | ၂၁ | ဆောက်လုပ်ရေး | ၆,၇၁၈.၉၅၇ | ၁၇၀,၃၂၃.၉၁၆ | -၁၆၃,၆၀၄.၉၅၉ | ၃,၃၆၀.၅၇၆ | ၁၈၈,၅၂၀.၆၇၁ | -၁၈၅,၁၅၉.၀၉၅ | ၅၀.၀၃% | ၁၁၀.၆၈% |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၃,၆၉၆.၆၆၆ | ၆,၉၃၆.၃၄၈ | -၃,၂၃၉.၆၈၂ | ၃,၂၉၀.၆၁၂ | ၅,၁၇၂.၇၃၃ | -၁,၈၈၂.၁၂၁ | ၈၉.၀၂% | ၇၄.၅၇% |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၁၂၅.၀၇၀ | ၇၉.၁၀၀ | +၄၅.၉၇၀ | ၇.၇၅၀ | ၇၉.၁၀၀ | -၇၁.၃၅၀ | ၆.၂၀% | ၁၀၀.၀၀% |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | ၀.၁၇၀ | ၉၁.၁၃၈ | -၉၀.၉၆၈ | | ၉၆.၀၇၆ | -၉၆.၀၇၆ | | ၁၀၅.၄၂% |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၄၂,၈၅၂.၉၉၄ | ၁,၀၉၉,၃၉၆.၇၅၂ | -၁,၀၅၆,၅၄၃.၇၅၈ | ၃၈,၃၁၀.၃၁၉ | ၇၅၇,၆၉၅.၃၉၄ | -၇၁၉,၃၈၅.၀၇၅ | ၈၉.၄၀% | ၆၈.၉၂% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)

## ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ဝန်ကြီးဌာန၊ဦးစီးဌာနများ | | | | | | | | |
| | ၁ | နိုင်ငံခြားရေး | | | | | | | | |
| | ၂ | သမ္မတရုံး | | | | | | | | |
| | ၃ | ပြည်ထဲရေး | | | | | | | | |
| | ၄ | ကာကွယ်ရေး | | ၄,၁၉၇.၆၆၀ | -၄,၁၉၇.၆၆၀ | | ၅,၅၄၅.၁၅၈ | -၅,၅၄၅.၁၅၈ | | ၁၃၂.၁၀% |
| | ၅ | နယ်စပ်ရေးရာ | | | | | | | | |
| | ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | | | | | | | | |
| | ၇ | ပြန်ကြားရေး | | | | | | | | |
| | ၈ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | | | | | | | | |
| | ၉ | သာသနာရေးနှင့်ယဉ်ကျေးမှု | | | | | | | | |
| | ၁၀ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၆၄,၇၉၇.၂၆၀ | ၃၁၈.၂၂၉ | +၆၄,၄၇၉.၀၃၁ | ၃၆,၅၁၃.၇၈၂ | ၈၆၄.၀၀၉ | +၃၅,၆၄၉.၇၇၃ | ၅၆.၃၅% | ၂၇၁.၅၁% |
| | ၁၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇,၈၉၁.၅၄၃ | | +၇,၈၉၁.၅၄၃ | ၈,၂၄၄.၄၉၇ | | +၈,၂၄၄.၄၉၇ | ၁၀၄.၄၇% | |
| | ၁၂ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၆.၄၀၀ | | +၁၆.၄၀၀ | | | | | |
| | ၁၃ | လျှပ်စစ်နှင့်စွမ်းအင် | ၂၁,၉၈၄.၅၇၂ | ၄,၃၇၃.၅၄၂ | +၁၇,၆၁၁.၀၃၀ | ၈,၅၀၈.၁၂၁ | ၄,၃၇၃.၅၄၂ | +၄,၁၃၄.၅၇၉ | ၃၈.၇၀% | ၁၀၀.၀၀% |
| | ၁၄ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | | | | | | | | |
| | ၁၅ | စက်မှု | | | | | | | | |
| | ၁၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၀.၈၄၃ | | +၀.၈၄၃ | ၀.၈၄၃ | | +၀.၈၄၃ | ၁၀၀.၀၀% | |
| | ၁၇ | ပညာရေး | ၇,၈၅၀.၉၀၆ | | +၇,၈၅၀.၉၀၆ | ၇,၅၇၄.၄၇၃ | | +၇,၅၇၄.၄၇၃ | ၉၆.၄၈% | |
| | ၁၈ | ကျန်းမာရေးနှင့်အားကစား | ၇,၃၀၀.၀၀၀ | | +၇,၃၀၀.၀၀၀ | ၁၀,၆၃၁.၆၈၅ | | +၁၀,၆၃၁.၆၈၅ | ၁၄၅.၆၄% | |
| | ၁၉ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၇,၇၀၄.၂၅၉ | ၃၅,၉၂၆.၁၃၃ | -၁၈,၂၂၁.၈၇၄ | ၁၆,၅၉၃.၈၈၁ | ၃၅,၉၂၆.၁၃၃ | -၁၉,၃၃၂.၂၅၂ | ၉၃.၇၃% | ၁၀၀.၀၀% |
| | ၂၀ | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေး | | | | | | | | |
| | ၂၁ | ဆောက်လုပ်ရေး | ၁၀၆,၁၆၄.၂၅၈ | | +၁၀၆,၁၆၄.၂၅၈ | ၁၀၂,၇၇၀.၃၈၈ | | +၁၀၂,၇၇၀.၃၈၈ | ၉၆.၈၀% | |
| | ၂၂ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၃ | ဟိုတယ်နှင့်ခရီးသွားလာရေး | | | | | | | | |
| | ၂၄ | တိုင်းရင်းသားလူမျိုးများရေးရာ | | | | | | | | |
| | ၂၅ | အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး | | | | | | | | |
| | | စုစုပေါင်း | ၂၃၃,၇၁၀.၀၄၁ | ၄၄,၈၁၅.၅၆၄ | +၁၈၈,၈၉၄.၄၇၇ | ၁၉၀,၈၃၇.၆၇၀ | ၄၆,၇၀၈.၈၄၂ | +၁၄၄,၁၂၈.၈၂၈ | ၈၁.၆၆% | ၁၀၄.၂၂% |

## ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂,၃၈၂,၆၇၃.၉၉၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ်၂,၄၉၂,၁၉၁.၅၂၇ သန်း ဖြစ်သဖြင့် ၁၀၄.၆၀ ရာခိုင်နှုန်း ဖြစ်ပါသည်။သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ (၃)လပတ်လျာထားချက် ကျပ် ၃,၄၇၂,၆၄၀.၃၃၇ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၂၀၄,၂၄၈.၆၃၁သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၂.၂၇ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** နယ်စပ်ရေးရာဝန်ကြီးဌာနတွင် လပြည့်ဝန်း ပလာဇာ ငှားရမ်းခ ရငွေအတွက်အမေရိကန်ဒေါ်လာလဲလှယ်နှုန်း မြင့်တက်လာခြင်းနှင့် မြေငှားရမ်းခနှုန်းထား တိုးမြှင့်သတ်မှတ်ခြင်း၊ အိန္ဒိယနိုင်ငံမှ ကူညီထောက်ပံ့ငွေ ရရှိခြင်းနှင့် စာရင်းစစ်ကန့်ကွက်ချက်အရပြန်သွင်းငွေများရရှိခြင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ကျမ်းစာအုပ်ရောင်းချရငွေများနှင့် အိမ်ခန်း ငှားရမ်းခရငွေများ ခန့်မှန်းသည်ထက် ပိုမိုရရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ် ဖြတ်သန်းခွင့်စာအုပ် (BP/TBP) ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ ဆိုင်ခန်း ငှားရမ်းခရငွေများ၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှ ရရှိသည့် မှတ်ပုံတင်ကြေး၊ နိုင်ငံခြားအလုပ်သမားဒဏ်ကြေးငွေများ၊ ဥပဒေစာအုပ်ရောင်းရငွေများ၊ ပြည်ပနိုင်ငံခြားသားများ အများအပြား ဝင်ရောက်လာခြင်းနှင့် နိုင်ငံခြားသားမှတ်ပုံတင်ခများပိုမိုရရှိခြင်း၊ပညာရေးဝန်ကြီးဌာနတွင် PPTT သင်တန်းများဖွင့်လှစ်သည့်ကာလဖြစ်၍ ပြဋ္ဌာန်းစာအုပ်ရောင်းချ ရငွေများရရှိခြင်း၊ လူငယ်များအလုပ်အကိုင်ရရှိရေးအတွက်လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း EYE(Equipping Youth for Employment Sector Development) Project ၏ Workshop Training များတွင် သင်တန်းသုံးပစ္စည်းများ ဝယ်ယူခြင်းအတွက်ပြည်ပအကူအညီရငွေရရှိခြင်းနှင့်နိုင်ငံတော်ထောက်ပံ့ငွေမှရငွေ(EU)မှ

ရရှိခြင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ParkWay Yangon Hospital တည်ဆောက်ရန်အတွက် မြေအသုံးချမှု ပရီမီယံကြေး ပထမအကြိမ် ပေးသွင်းငွေရရှိခြင်း၊ ပစ္စည်းဟောင်းရောင်းချရငွေများ၊ Delta Plaza နှင့် မနော်ဟရီမှ တိုက်ခန်းငှားရမ်းခရငွေ၊ UNICEF နှင့် ပြည်ပအဖွဲ့အစည်းများမှ ထောက်ပံ့ငွေများ ပိုမိုရရှိခြင်းတို့ကြောင့် ပိုမိုရရှိခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် နိုတြီထောက်ခံချက်ပြုလုပ်ပေးရမှုနည်းပါးခြင်းနှင့်ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးရမှုနည်းပါးခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ဓာတုကစီမံကိန်းမှ Royalty ကို(၃)လတစ်ကြိမ် ပုံမှန်လွှဲပို့ခြင်းဖြစ်သော်လည်း (၂)လစာအတွက်သာလွှဲပို့နိုင်ခဲ့ခြင်း၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် Transit Trade မှရငွေ၊ ကုန်ချကွင်းယာဉ်ဖြတ်သန်းခ၊ Weight Bridge မှရငွေ၊ Manifest မှ ရငွေနှင့် အခြားရငွေများလျော့နည်းရရှိခြင်း၊ အဆောက်အဦသိုလှောင်ရုံများတည်ရှိရာမြေကို နိုင်ငံတော်သို့အပ်နှံရခြင်းကြောင့် မြေငှားရမ်းခများလျော့နည်းရရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် WHO, UNICEF,ADB စသည့် အဖွဲ့အစည်းများမှထောက်ပံ့သော ပြည်ပအကူအညီရငွေများရရှိရန် လျာထားသော်လည်း လျာထားချက်အတိုင်းရရှိမှုမရှိခြင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် တတိယ(၃)လပတ်အတွင်း ထည့်သွင်းလျာထားခဲ့သောရခိုင်ပြည်နယ် ဩွန်ကြားရေးမှူးရုံး ဆောက်လုပ်ရေးလုပ်ငန်းအတွက် တင်ဒါပုံစံရောင်းချရငွေနှင့် သတင်းစာဟောင်းရောင်းရငွေများအား ပထမ(၆)လပတ်အတွင်း ရရှိခဲ့ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ကျောင်းသုံးပုံနှိပ်လုပ်ငန်းအတွက် ကုန်ကြမ်းတင်သွင်းသူများသို့ ငွေပေးချေမှုများ ဆက်လက်ဆောင်ရွက်ဆဲကာလဖြစ်ခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများမှ NSSA ၏ အသိအမှတ်ပြု လက်မှတ်ရရှိခြင်းနှင့် အမျိုးသားအဆင့် အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲ ကုန်ကျစရိတ်၊ Assessor

Methodology Training အစည်းအဝေးများအတွက် ကုန်ကျစရိတ်များ၊ ပြည်ပခရီးစရိတ်များနှင့်နိုင်ငံသားစိစစ်ရေးပန်းရောင်ကတ်ပြားဝယ်ယူရခြင်းတို့ကြောင့် ပိုမိုသုံးစွဲရခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် ပြည်တွင်း၊ ပြည်ပလေယာဉ်စရိတ်များ လျာထားသော်လည်း တပ်မတော်ပိုင်လေယာဉ်များ သုံးစွဲခဲ့ခြင်း၊ ခရီးစဉ်များတွင် ဝတ်စုံစရိတ်ထုတ်ယူမှုနည်းပါးခြင်း၊ ပြည်ပခရီးစဉ်များတွင် သွားရောက်သည့် နိုင်ငံများမှကျခံပေးခြင်းနှင့် စက်ရုံများအတွက် ကုန်ကြမ်းဝယ်ယူရေး လုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင်ဝန်ထမ်းများနုတ်ထွက်ခြင်း၊ အငြိမ်းစားယူခြင်းနှင့် ဝန်ထမ်းသစ်များခန့်ထားနိုင်မှုမရှိခြင်း၊ အာဆီယံနှစ်စဉ်ကြေးနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ ထည့်ဝင်ငွေပေးသွင်းရန်ကျန်ရှိခြင်း၊ ရုံးအဆောက်အဦပြင်ဆင်ရန် တင်ဒါစနစ်ဖြင့်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ စိုက်ခင်းဟောင်းများသေပင်ဖာထေးဆဲကာလဖြစ်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ လမ်းပြင်ဆင်စရိတ်မသုံးစွဲခြင်း၊ သင်တန်းဖွင့်လှစ်မှုအကြိမ်ရေလျော့နည်းခြင်းနှင့် သင်တန်းဖွင့်လှစ်ရန်ကျန်ရှိနေခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်တွင်း/ပြည်ပ သင်တန်းနှင့်အစည်းအဝေးများသို့စေလွှတ်သူဦးရေမှာ ခန့်မှန်းထားသည်ထက်လျော့နည်းခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ လေအေးပေးစက်များ၊ မော်တော်ယာဉ် ပြင်ဆင်စရိတ်များ၊အခြားသောပြင်ဆင်စရိတ်များကိုစိစစ်သုံးစွဲခဲ့ခြင်း၊ပညာပေးသင်တန်းအသုံးစရိတ်များမသုံးစွဲခဲ့ခြင်း၊ ဌာနတွင်ကျင်းပပြုလုပ်သောအစည်းအဝေးပွဲများနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲများ၊ ညှိခံကျွေးမွေးစရိတ်များ၊ အချိန်ပိုတာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကျွေးမွေးစရိတ်များကို စိစစ်သုံးစွဲခဲ့ခြင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး (၁)ဦး၏လစာအတွက်လျာထားသော်လည်း တတိယ(၃)လပတ်အတွင်း ခန့်အပ်နိုင်မှုမရှိခြင်း၊ နိုင်ငံခြားသွားကိုယ်စားလှယ်စရိတ်တွင် သင်တန်းများနှင့် အစည်းအဝေးများသို့ ဝန်ထမ်းများအား စိစစ်စေလွှတ်ခဲ့ခြင်း၊ Digital Marketing အတွက်အသုံးစရိတ်များအကြေပေးချေနိုင်မှုမရှိသေးခြင်း၊ အခြားခရီးသွားလုပ်ငန်း

မြှင့်တင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိသေးခြင်း တို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ငွေလုံးငွေရင်း ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၄၂,၈၅၂.၉၉၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၈,၃၁၀.၃၁၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၉.၄၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ်၁,၀၉၉,၃၉၆.၇၅၂သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ်၇၅၇,၆၉၅.၃၉၄သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၈.၉၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် JICA မှ ပြည်ပအကူအညီရရှိသော စက်ပစ္စည်းများရရှိရန်ကျန်ရှိနေခြင်း၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေလျာထားသည့်အတိုင်းမရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အဆောက်အဦ သိုလှောင်ရုံရောင်းချရငွေများ တတိယ(၃)လပတ်တွင် ရရှိမည်ဟု လျာထားခဲ့သော်လည်း ပထမနှင့်ဒုတိယ(၃)လပတ်များတွင် ရရှိခဲ့ခြင်းကြောင့်လျော့နည်းရခြင်း၊ ပညာရေးဝန်ကြီးဌာနတွင် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် PFM Project အတွက် ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆို၍ ဆောင်ရွက်နေဆဲဖြစ်ပါသဖြင့် ငွေမပေးချေရသေးခြင်း၊ စီးပွားရေးလုပ်ငန်းများမှတ်ပုံတင်ခြင်းဆိုင်ရာစာရင်းအင်းလုပ်ငန်း(SBR)နှင့် စီးပွားရေးသန်းခေါင်စာရင်း(EC)တို့မှာ အထောက်အပံ့မရရှိခြင်း၊ National PFM & Budget Advisor အား ငှားရမ်းရန် ကမ္ဘာ့ဘဏ်စည်းမျဉ်းအရစာချုပ်မချုပ်ဆိုနိုင်သဖြင့် အကြံပေးခမပေးချေနိုင်ခြင်း၊ EITI Project ၌ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးအတွက် လိုအပ်သော စက်ပစ္စည်း၊ ပရိဘောဂများနှင့် ARC, GIS Software များမှ ခန့်မှန်းထားချိန်အတွင်း မဝယ်ယူနိုင်ခြင်းကြောင့် ပြည်ပအကူအညီရငွေ လျော့နည်းရရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် Kfw အထောက်အပံ့ဖြင့် ကျေးလက်လမ်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက်လုပ်ငန်းများ ဆောင်

ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် ပြည်ပအကူအညီရယူမှုမရှိသေးခြင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပုသိမ်ရုံးခွဲနှင့် ရုံးချုပ်တို့မှ အဆောက်အဦ အဟောင်းများ ထုခွဲရောင်းချခြင်းတို့မှရရှိသောရငွေများ တတိယ(၃)လပတ် အတွင်း ရရှိရန်လျာထားသော်လည်း ဒုတိယ(၃)လပတ်အတွင်း ပေးသွင်းခဲ့ခြင်း တို့ကြောင့် လျော့နည်းခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပြည်ထဲရေးဝန်ကြီးဌာနတွင် စက်နှင့်စက် ကိရိယာများအတွက် အသုံးစရိတ်များအား ဒုတိယ(၃)လပတ်တွင် သုံးစွဲရန် လျာထားခဲ့သော်လည်း တတိယ(၃)လပတ်တွင်သာသုံးစွဲနိုင်ခြင်း၊ Mobile X-Ray ရိုက်စက်ဖိုး ပေးချေရခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတွင် ပထမ(၃)လပတ်နှင့် ဒုတိယ(၃)လပတ် အတွင်းဝယ်ယူရန် လျာထားသည့် စက်ပစ္စည်းများ နှင့် Software များအား တတိယ(၃)လပတ် အတွင်းမှသာလက်ခံရရှိခြင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တွင် မော်တော်ယာဉ်အကြီးစားပြင်ဆင်ခြင်းကြောင့်ပိုမိုရခြင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် တင်ဒါခေါ် ယူပြီးစီးသော စက်ပစ္စည်းများအတွက် ငွေပေးချေ ရခြင်းနှင့် အချို့လုပ်ငန်းများ မှာ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သဖြင့် အသုံးစရိတ်ပေးချေရခြင်း တို့ကြောင့် ပိုမိုသုံးစွဲခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဆောင် ရွက်ဆဲလုပ်ငန်းများ၊လုပ်ငန်းသစ်များတွင် လုပ်ငန်းစာချုပ်အရ အရစ်ကျ ငွေပေး ချေမှုများပြုလုပ်ခဲ့ခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ ရုံးသုံးယာဉ်များ၊ အခြားရုံးသုံးပစ္စည်းများခေါင်းစဉ်အောက်တွင် အမှန်တကယ်လိုအပ်နေသောပစ္စည်း များအား ဦးစားပေးဝယ်ယူခြင်း၊ ဈေးနှုန်းစုံစမ်းခြင်းနှင့် နိုင်ငံခြားငွေသုံးစွဲခွင့် လျှောက်ထားဆဲဖြစ်ခြင်း၊ e-Government စနစ် အကောင်အထည်ဖော်ခြင်း လုပ်ငန်းအသုံးစရိတ်အား GRF သို့ ပြန်လည်အပ်နှံသွားရန်ရှိခြင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနတွင် အဆောက်အဦလုပ်ငန်းများနှင့်စက်ပစ္စည်းများဝယ်ယူရေးအတွက် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနတွင်မြန်မာ့အသံနှင့် ရုပ်မြင် သံကြားအား JICA မှ ပြည်ပအကူအညီရရှိသော စက်ပစ္စည်းများအတွက်ငွေသား စီမံချက်ရေးဆွဲမှုအပေါ်မူတည်၍အရ/အပေးစာရင်းပြုလုပ်ရသဖြင့်လျော့နည်းခြင်း၊

စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ EXIM Bank of India နှင့် စာချုပ်ပြင်ဆင်ရန် ညှိနှိုင်းနေဆဲဖြစ်ခြင်း၊ IFAD ချေးငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန် Work Plan ရေးဆွဲနေခြင်း၊ AFD ချေးငွေဖြင့် လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်ခြင်း၊ ODA (AIIP) ချေးငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် NEP Loan မှ ပစ္စည်းပေးသွင်းသော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငွေပေးချေနိုင်ရေး ဆောင်ရွက်နေခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိခြင်းကြောင့် အသုံးစရိတ်များသုံးစွဲနိုင်မှုမရှိခြင်း၊ တမူး၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း မြို့များတွင် ဆောက်လုပ်မည့် Monitoring Station ရုံးများတွင် တပ်ဆင်မည့် Transformer Line များအား ဆောင်ရွက်နိုင်မှုမရှိခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် တင်ဒါခေါ်ယူရေးဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပညာရေးဝန်ကြီးဌာနတွင်ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အသုံးစရိတ်များ တောင်းခံလာမှုမရှိသေးခြင်းနှင့် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက်သာ ငွေပေးချေရခြင်း၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူနိုင်မှုမရှိသေးခြင်း၊ သီးနှံလျော်ကြေးနှင့် ကုန်သွယ်လုပ်ငန်းခွန် ၅% ပေးချေရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် သတ်မှတ်ထားသော ရာခိုင်နှုန်းမပြည့်သည့် လုပ်ငန်းများအတွက် ငွေပေးချေနိုင်မှု မရှိသေးခြင်းနှင့် ပြည်ပအကူအညီရငွေများ လျာထားသည့်အတိုင်းမရရှိခြင်းကြောင့် အဆိုပါရငွေနှင့်ဆောင်ရွက်မည့်လုပ်ငန်းအသုံးစရိတ်များ လျော့နည်းခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ရုံးသုံးယာဉ်များအား နိုင်ငံခြားရှိ မြန်မာသံရုံးမှ တစ်ဆင့်ဝယ်ယူရန် ဆောင်ရွက်ဆဲဖြစ်သဖြင့် ငွေမပေးချေရသေးခြင်း၊ PFM Project ၌ Mini Data Center အတွက် စက်ပစ္စည်းဝယ်ယူခြင်းအပေါ် စာချုပ်ပါအရ ပေးချေရမည့်တန်ဖိုးငွေအား လျာထားသော်လည်း စာရင်းညှိနှိုင်းမှုအရ ပေးချေနိုင်မှုမရှိခြင်းနှင့် National PFM & Budget Advisor အား ငှားရမ်းရန် ကမ္ဘာ့ဘဏ်စည်းမျဉ်းအရ စာချုပ်မချုပ်ဆိုနိုင်သဖြင့် အကြံပေးခ မပေးချေနိုင်ခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး

ဌာနတွင် ပြည်နယ်/တိုင်းဒေသကြီး၊ခရိုင်ရုံးများနှင့်ဌာနငယ် သင်တန်းကျောင်းများတွင် လုပ်ငန်းများအပြီးသတ်ဆောင်ရွက်ရန်ကျန်ရှိနေခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းအတွက် အသုံးစရိတ်များ လျော့နည်းခြင်း၊ ရုံးသုံးစက်ကိရိယာနှင့်ရုံးသုံးပရိဘောဂများဝယ်ယူရန်ကျန်ရှိနေခြင်း၊ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် နေရာချထားရေးစီမံကိန်းအတွက် အရေးပေါ်အကူအညီအဖြစ် ဂျပန်နိုင်ငံအစိုးရမှထောက်ပံ့ငွေအား လုပ်ငန်းပြီးစီးမှု အလိုက်သာ ကန်ထရိုက်သို့ ပေးချေခဲ့ရခြင်းနှင့် အိန္ဒိယနိုင်ငံအစိုးရမှ ထောက်ပံ့ငွေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အိမ်(၂၅၀)လုံး တည်ဆောက်ပြီးဖြစ်သော်လည်း အိမ်တန်ဖိုးနှင့် ညီမျှသောအချက်အလက်၊ ကိန်းဂဏန်းများအား အိန္ဒိယနိုင်ငံအစိုးရထံ နိုင်ငံခြားရေးဝန်ကြီးဌာနမှတဆင့် တောင်းခံထားရာ မရရှိသေးသဖြင့် အရ/အသုံး စာရင်းမတင်ရသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ကြွေးမြီရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၃၃,၇၁၀.၀၄၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၁၉၀,၈၃၇.၆၇၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၁.၆၆ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၄၄,၈၁၅.၅၆၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၆,၇၀၈.၈၄၂သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၄.၂၂ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေပိုမိုရရှိမှု။** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင်ကမ္ဘာ့ဘဏ်မှ ချေးငွေများ တတိယ(၃)လပတ်တွင် ရရှိခဲ့ခြင်းကြောင့် ပိုမိုရခြင်း။

(၂) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် Detail Engineering Report ရေးဆွဲပြီးဖြစ်သော်လည်း EXIM Bank of India နှင့် စာချုပ်ပြင်ဆင်ညှိနှိုင်းနေဆဲဖြစ်ခြင်း၊ IFAD ချေးငွေဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ Work Plan ရေးဆွဲနေဆဲဖြစ်ခြင်း၊ ODA ချေးငွေဖြင့် AIIP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ JICA ODA Loan မှ အကြံပေးဝန်ဆောင်ခ (၆)လစာ (၅% commercial Tax) အတွက် စိစစ်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ NEP Loan မှ ပစ္စည်းပေးသွင်းသော

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငွေပေးချေနိုင်ရန် ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် အမြတ်ဝေစုနှင့်အစုရှယ်ယာ ထည့်ဝင်ငွေများမှာ ပထမ(၃)လပတ် တွင် ရရှိခဲ့ပါသဖြင့် တတိယ(၃)လပတ်တွင် လျာထားချက်သာပါဝင်ခြင်းကြောင့် လျော့နည်းရခြင်း။

(၃) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ကာကွယ်ရေးဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေ၊ တရုတ်ချေးငွေများ ပြန်လည်ပေးဆပ်ရာတွင် ငွေလဲလှယ်နှုန်းတိုးမြင့်လာခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် အိန္ဒိယချေးငွေမှာ (၃/၂၀၁၉)လတွင် စေ့ရောက်သည့် အရင်းပေးဆပ်ရမည်ဖြစ်သော်လည်း EXIM Bank of India မှ ငွေတောင်းခံလွှာ နောက်ကျသောကြောင့် တတိယ(၃)လပတ်တွင်မှ ပေးချေရခြင်း၊ Exchange Rate များ မြင့်တက်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃) လပတ် လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၄.၆၀ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၈၉.၄၀ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၈၁.၆၆ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း ရငွေ ရရှိမှုမှာ ၁၀၂.၃၄ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ပြည့်မီ ကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်နှင့်နီးစပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၂.၂၇ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၆၈.၉၂ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၀၄.၂၂ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၈၆.၈၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းနှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်းတွေ့ရှိရပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၂,၈၉၁.၆၄၈ | ၅,၈၉၀.၉၅၅ | +၂၇,၀၀၀.၆၉၃ | ၃၂,၈၉၁.၆၄၈ | ၅,၈၉၇.၈၀၀ | +၂၆,၉၉၃.၈၄၈ | ၁၀၀.၀၀% | ၁၀၀.၁၂% |
| | | စုစုပေါင်း | ၃၂,၈၉၁.၆၄၈ | ၅,၈၉၀.၉၅၅ | +၂၇,၀၀၀.၆၉၃ | ၃၂,၈၉၁.၆၄၈ | ၅,၈၉၇.၈၀၀ | +၂၆,၉၉၃.၈၄၈ | ၁၀၀.၀၀% | ၁၀၀.၁၂% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၂,၈၉၁.၆၃၉ | ၅,၄၇၀.၉၈၄ | +၂၇,၄၂၀.၆၅၅ | ၃၂,၈၉၁.၆၃၉ | ၅,၄၇၀.၉၈၄ | +၂၇,၄၂၀.၆၅၅ | ၁၀၀.၀၀% | ၁၀၀.၀၀% |
| | | စုစုပေါင်း | ၃၂,၈၉၁.၆၃၉ | ၅,၄၇၀.၉၈၄ | +၂၇,၄၂၀.၆၅၅ | ၃၂,၈၉၁.၆၃၉ | ၅,၄၇၀.၉၈၄ | +၂၇,၄၂၀.၆၅၅ | ၁၀၀.၀၀% | ၁၀၀.၀၀% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၀.၀၀၉ | ၄၁၉.၉၇၁ | -၄၁၉.၉၆၂ | ၀.၀၀၉ | ၄၂၆.၈၁၆ | -၄၂၆.၈၀၇ | ၁၀၀.၀၀% | ၁၀၁.၆၃% |
| | | စုစုပေါင်း | ၀.၀၀၉ | ၄၁၉.၉၇၁ | -၄၁၉.၉၆၂ | ၀.၀၀၉ | ၄၂၆.၈၁၆ | -၄၂၆.၈၀၇ | ၁၀၀.၀၀% | ၁၀၁.၆၃% |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) သာမန်ရငွေ၊သုံးငွေ။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၃၂,၈၉၁.၆၃၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂,၈၉၁.၆၃၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၀၀ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် တတိယ(၃) လပတ်လျာထားချက် ကျပ် ၅,၄၇၀.၉၈၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၄၇၀.၉၈၄ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၀၀ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေများ လျာထားချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

(ခ) ငွေလုံးငွေရင်းရငွေ၊သုံးငွေ။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၀.၀၀၉ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၀.၀၀၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၀၀ ဖြစ်ပါသည်။ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ (၃)လပတ် လျာထားချက် ကျပ် ၄၁၉.၉၇၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုမှာ ကျပ် ၄၂၆.၈၁၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၁.၆၃ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေတွင်လျာထားချက်အတိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းသုံးငွေတွင် ပျဉ်းမနားမြို့နယ်ရုံးနှင့်ဆေးခန်းဝန်ထမ်းအိမ်ရာ၏သန့်စင်ခန်း (၂)ခန်းနှင့် Septic Tank (၁)လုံး ဆောက်လုပ်ခြင်းနှင့် မန္တလေး အလုပ်သမားဆေးရုံကြီးတွင် RC မီးစက်အိမ် ဆောက်လုပ်ခြင်းတို့အတွက် လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက် ပေးချေရသဖြင့် လျာထားချက်ထက် ပိုမိုသုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၄,၂၉၆.၃၀၀ | ၁၀,၆၆၈.၇၈၇ | -၆,၃၇၂.၄၈၇ | ၄,၄၅၀.၀၃၀ | ၈,၂၇၄.၄၉၀ | -၃,၈၂၄.၄၆၀ | ၁၀၃.၅၈% | ၇၇.၅၆% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၀၇,၉၁၅.၂၀၂ | ၂၄၂,၆၀၄.၄၁၁ | -၃၄,၆၈၉.၂၀၉ | ၁၀၇,၃၉၇.၂၈၉ | ၁၂၃,၈၁၈.၈၂၆ | -၁၆,၄၂၁.၅၃၇ | ၅၁.၆၅% | ၅၁.၀၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၄၅,၇၇၂.၅၃၆ | ၁၇၇,၁၆၄.၆၈၆ | -၃၁,၃၉၂.၁၅၀ | ၁၆၀,၁၃၆.၂၂၈ | ၁၅၇,၆၆၅.၀၄၁ | +၂,၄၇၁.၁၈၇ | ၁၀၉.၈၅% | ၈၈.၉၉% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၁၇၆,၃၂၁.၈၂၇ | ၁,၃၁၄,၇၁၉.၃၂၄ | -၁၃၈,၃၉၇.၄၉၇ | ၁,၃၆၁,၂၈၁.၈၆၁ | ၁,၂၉၈,၄၈၉.၆၀၀ | +၆၂,၇၉၂.၂၆၁ | ၁၁၅.၇၂% | ၉၈.၇၇% |
| | ၅ | စက်မှု | ၂၀,၆၁၇.၁၈၂ | ၈၇,၀၁၃.၇၁၉ | -၆၆,၃၉၆.၅၃၇ | ၁၆,၀၅၇.၈၃၄ | ၈၁,၇၃၇.၂၂၇ | -၆၅,၆၇၉.၃၉၃ | ၇၇.၈၉% | ၉၃.၉၄% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၃၃၀,၀၆၁.၂၂၆ | ၂၄၈,၂၂၉.၇၉၉ | +၈၁,၈၃၁.၄၂၇ | ၃၅၈,၀၇၉.၆၄၂ | ၂၂၇,၀၈၉.၂၂၄ | +၁၃၀,၉၉၀.၄၁၈ | ၁၀၈.၄၉% | ၉၁.၄၈% |
| | | စုစုပေါင်း | ၁,၈၈၄,၉၈၄.၂၇၃ | ၂,၀၈၀,၅၀၀.၇၆၆ | -၁၉၅,၅၁၆.၄၉၃ | ၂,၀၀၇,၅၀၂.၈၈၄ | ၁,၈၉၇,၀၇၄.၅၀၈ | +၁၁၀,၄၂၈.၃၇၆ | ၁၀၆.၄၉% | ၉၁.၁၉% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၄,၂၉၆.၃၀၀ | ၁၀,၄၃၇.၇၈၇ | -၆,၁၄၁.၄၈၇ | ၄,၄၅၀.၀၃၀ | ၇,၈၅၆.၆၆၁ | -၃,၄၀၆.၆၃၁ | ၁၀၃.၅၈% | ၇၅.၂၇% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၇၃,၃၇၁.၃၂၅ | ၅၃,၅၈၅.၉၁၄ | +၁၉,၇၈၅.၄၁၁ | ၈၁,၂၁၄.၉၁၆ | ၅၂,၅၇၇.၉၁၂ | +၂၈,၆၃၇.၀၀၄ | ၁၁၀.၆၉% | ၉၈.၁၂% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၄၅,၇၅၈.၄၅၁ | ၁၇၄,၄၈၃.၁၉၁ | -၂၈,၇၂၄.၇၄၀ | ၁၆၀,၁၂၆.၁၈၀ | ၁၅၇,၁၆၃.၂၇၅ | +၂,၉၆၂.၉၀၅ | ၁၀၉.၈၆% | ၉၀.၀၇% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၁၀၃,၁၂၇.၇၁၈ | ၁,၁၇၉,၃၉၉.၇၅၆ | -၇၆,၂၇၂.၀၃၈ | ၁,၃၀၀,၄၅၁.၀၈၂ | ၁,၁၈၇,၅၀၀.၇၄၆ | +၁၁၂,၉၅၀.၃၃၆ | ၁၁၇.၈၉% | ၁၀၀.၆၉% |
| | ၅ | စက်မှု | ၂၀,၅၇၂.၀၀၁ | ၃၃,၅၀၇.၁၃၄ | -၁၂,၉၃၅.၁၃၃ | ၁၅,၇၀၂.၄၃၈ | ၃၁,၉၀၄.၀၉၄ | -၁၆,၂၀၁.၆၅၆ | ၇၆.၃၃% | ၉၅.၂၂% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၅၄,၄၄၈.၉၃၆ | ၂၁၀,၈၄၅.၈၂၄ | +၄၃,၆၀၃.၁၁၂ | ၂၈၄,၉၂၀.၇၇၇ | ၁၈၀,၅၇၅.၅၂၉ | +၁၀၄,၃၄၅.၂၄၈ | ၁၁၁.၉၈% | ၈၅.၆၄% |
| | | စုစုပေါင်း | ၁,၆၀၁,၂၇၄.၃၃၁ | ၁,၆၆၂,၂၅၉.၆၀၆ | -၆၀,၆၈၄.၈၇၅ | ၁,၈၄၆,၈၆၅.၄၂၃ | ၁,၆၁၇,၅၇၈.၂၁၇ | +၂၂၉,၂၈၇.၂၀၆ | ၁၁၅.၃၂% | ၉၇.၃၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၂၃၁.၀၀၀ | -၂၃၁.၀၀၀ | | ၄၁၇.၈၂၉ | -၄၁၇.၈၂၉ | | ၁၈၀.၈၈% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၈,၇၃၄.၄၉၀ | ၁၈၃,၈၆၃.၄၀၃ | -၁၇၅,၁၂၈.၉၁၃ | ၈,၇၁၁.၀၁၀ | ၆၆,၃၇၁.၇၇၁ | -၅၇,၆၆၀.၇၆၁ | ၉၉.၇၃% | ၃၆.၁၀% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၄.၀၈၅ | ၂,၆၈၁.၄၉၅ | -၂,၆၆၇.၄၁၀ | ၁၀.၀၄၈ | ၅၀၁.၇၆၆ | -၄၉၁.၇၁၈ | ၇၁.၃၄% | ၁၈.၇၁% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | -၂၁၅.၈၄၉ | ၁၁၁,၂၀၉.၈၉၇ | -၁၁၁,၄၂၅.၇၄၆ | ၇၃၇.၈၁၅ | ၈၈,၆၈၀.၆၄၁ | -၈၇,၉၄၂.၈၂၆ | | ၇၉.၇၄% |
| | ၅ | စက်မှု | ၄၅.၁၈၁ | ၂၄,၁၆၆.၀၆၈ | -၂၄,၁၂၀.၈၈၇ | ၃၅၅.၃၉၆ | ၂၀,၅၁၆.၆၈၄ | -၂၀,၁၆၁.၂၈၈ | ၇၈၆.၆၀% | ၈၄.၉၀% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၄၅.၀၇၄ | ၃,၀၇၄.၃၅၀ | -၃,၀၂၉.၂၇၆ | ၄၆.၆၄၉ | ၉,၂၈၁.၆၀၈ | -၉,၂၃၄.၉၅၉ | ၁၀၃.၄၉% | ၃၀၁.၉၀% |
| | | စုစုပေါင်း | ၈,၆၂၂.၉၈၁ | ၃၂၅,၂၂၆.၂၁၃ | -၃၁၆,၆၀၃.၂၃၂ | ၉,၈၆၀.၉၁၈ | ၁၈၅,၇၇၀.၂၉၉ | -၁၇၅,၉၀၉.၃၈၁ | ၁၁၄.၃၆% | ၅၇.၁၂% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၂၅,၈၀၉.၃၈၇ | ၅,၁၅၅.၀၉၄ | +၁၂၀,၆၅၄.၂၉၃ | ၁၇,၄၇၁.၃၆၃ | ၄,၈၆၉.၁၄၃ | +၁၂,၆၀၂.၂၂၀ | ၁၃.၈၉% | ၉၄.၄၅% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၇၃,၄၀၉.၉၅၈ | ၂၄,၁၀၉.၆၇၁ | +၄၉,၃၀၀.၂၈၇ | ၆၀,၀၉၂.၉၆၄ | ၂၂,၃၀၈.၂၁၃ | +၃၇,၇၈၄.၇၅၁ | ၈၁.၈၆% | ၉၂.၅၃% |
| | ၅ | စက်မှု | | ၂၉,၃၄၀.၅၅၇ | -၂၉,၃၄၀.၅၅၇ | | ၂၉,၃၁၆.၄၄၉ | -၂၉,၃၁၆.၄၄၉ | | ၉၉.၉၂% |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၇၅,၅၆၇.၂၁၆ | ၃၄,၃၀၉.၆၂၅ | +၄၁,၂၅၇.၅၉၁ | ၇၃,၁၁၂.၂၁၆ | ၃၇,၂၃၂.၀၈၇ | +၃၅,၈၈၀.၁၂၉ | ၉၆.၇၅% | ၁၀၈.၅၂% |
| | | စုစုပေါင်း | ၂၇၄,၇၈၆.၅၆၁ | ၉၂,၉၁၄.၉၅၇ | +၁၈၁,၈၇၁.၆၀၄ | ၁၅၀,၆၇၆.၅၄၃ | ၉၃,၇၂၅.၈၉၂ | +၅၆,၉၅၀.၆၅၁ | ၅၄.၈၃% | ၁၀၀.၈၇% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၁,၆၀၁,၅၇၄.၇၃၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁,၈၄၆,၈၆၅.၄၂၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၅.၃၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင်တတိယ(၃)လပတ်လျာထားချက်ကျပ် ၁,၆၆၂,၂၅၉.၆၀၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၆၁၇,၅၇၈.၂၁၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၇.၃၁ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်–

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ကြော်ငြာဝင်ငွေများ လျာထားချက်ထက် ပိုမိုရရှိခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ကူးတို့လိုင်းအသစ်တိုးချဲ့ ပြေးဆွဲခြင်းနှင့် အဆောက်အဦငှားရမ်းခ ကြိုတင်ရရှိခြင်း၊ မြန်မာ့မီးရထားသည် ဘိလပ်မြေများကို အဓိကကုန်ပစ္စည်းအနေဖြင့် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဝင်ငွေပိုမိုရရှိခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် BOT ဖြင့် ဆောင်ရွက်ခြင်းမှ မြေငှားရမ်းခများတတိယ(၃)လပတ်ရောက်ရှိမှသာရရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အမြတ်ဝေစုပိုမိုရရှိခြင်းနှင့် မြန်မာ့စာတိုက်လုပ်ငန်းတွင် တယ်လီဖုန်းဘီလ် ကောက်ခံခြင်းမှရငွေ၊ Brand Shop ငှားရမ်းခရငွေနှင့် ကောင်တာငှားရမ်းခရငွေများ ပိုမိုရရှိခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် သစ်လုံးခွဲသားများကို လေလံဖြင့်ရောင်းချရာတွင် ဈေးနှုန်းပိုမိုရရှိခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်းကြောင့် ဝင်ငွေပိုမိုရရှိခြင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတွင် ဌာနပိုင်ကျောက်များရောင်းရငွေ၊ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်သော ကုမ္ပဏီများမှ အကျိုးတူကျောက်များရောင်းရငွေ အပေါ်အကျိုးတူဝေစု ၂၅% ရငွေနှင့် အရောင်းအဝယ်ပျက်သည့်

ကျောက်တွဲများမှဒဏ်ကြေးရငွေများရရှိခြင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၏ တတိယ(၃)လပတ်တွင် လျာထားမှုမရှိသောခရီးသွားလုပ်ငန်းမှ ဝင်ကြေးရငွေများရရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကမ်းလွန်ရေနံရှာဖွေရေးမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် ကုန်းတွင်းရေနံစိမ်းရောင်းရငွေမှာ တတိယ(၃)လပတ်ရောက်ရှိမှသာပိုမိုရရှိခဲ့ခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံခြားဈေးကွက် (Real Time Money Market)တွင် ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေများ၊ သွင်းကုန်ငွေလွှဲစာတမ်းအောက်မှ ကာလတိုကုန်သွယ်မှုချေးငွေများမှ အတိုးငွေများ၊ ကော်မရှင်နှင့်ဆောင်ရွက်ခရငွေများ၊အစိုးရငွေတိုက်လက်မှတ်များရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေများနှင့် ငွေစက္ကူရိုက်နှိပ်ခရငွေများပိုမိုခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများသို့ ရောင်းချထားသော ကုန်ရောင်းရငွေများ ငွေပေးချေမှုမရှိသေးပါသဖြင့် လျော့နည်းခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကုန်းတွင်းနှင့်ကမ်းလွန်စီမံကိန်းများမှ ထွက်ရှိသောသဘာဝဓာတ်ငွေ့နှင့်ရေနံစိမ်းများ ရောင်းရငွေအပေါ်တွင် ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ပေးဆောင်ရာ၌ တတိယ(၃)လပတ်အတွင်း ပိုမိုပေးဆောင်ရခြင်း၊ ပင်စင်ယူသည့်ဝန်ထမ်းဦးရေများလာခြင်းနှင့် လုပ်သက်ဆုငွေပေးချေမှုများခြင်းကြောင့် ပိုမိုခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် နိုင်ငံခြားမှမှာယူထားသော ကုန်ကြမ်းပစ္စည်းများအတွက် ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ငွေစုဘဏ်အပ်ငွေများအပ်နှံမှုလျော့နည်းခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူလယ်သမားများမှ နှစ်ဟောင်းချေးငွေများပေးဆပ်ခဲ့ခြင်းကြောင့် မြန်မာ့စီးပွားရေးဘဏ်သို့ချေးငွေကြွေးကျန်ပမာဏအလိုက် ပေးချေရသောအတိုးများ လျော့နည်းခြင်း၊နိုင်ငံခြားမှဝယ်ယူသောကုန်ကြမ်းပစ္စည်းများအတွက်Invoices များအရငွေပေးချေရသဖြင့် လျော့နည်းခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများမှာလုပ်ငန်းဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၈,၆၂၂.၉၈၁ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉,၈၆၀.၉၁၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၄.၃၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၃၂၅,၂၂၆.၂၁၃ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုကျပ် ၁၈၅,၇၇၀.၂၉၉သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၇.၁၂ ဖြစ်ပါသည်။ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် ပျက်စီးယိုယွင်းနေသော ဇက်ရေယာဉ်ရောင်းချရငွေ၊ အသုံးပြု၍မရသောအဆောက်အဦဟောင်းနှင့်စက်ပစ္စည်းဟောင်းရောင်းချရငွေများ၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် 66 KVဓာတ်အားလိုင်းဖြတ်သန်းရန် ရာဘာပင်ခုတ်လှဲခံရခြင်းအတွက် လျော်ကြေးရငွေများနှင့် ရာဘာထင်းရောင်းရငွေများ၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် စက်လှေ၊ မောင်မြန်မာသဘော်(၂)စီး၊ သိုလှောင်ရုံဟောင်းဆယ်တင် ရောင်းရငွေများနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတွင် စင်ကိုးနားအပင်များ စိုက်ပျိုးကုန်ကျစရိတ်များပြန်လည်ရရှိခြင်းနှင့် အသုံးမလိုသည့် စက်နှင့်စက်အရံပစ္စည်းဟောင်း ရောင်းရငွေများရရှိခြင်းကြောင့် ပိုမိုခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ တတိယ(၃)လပတ် လျာထားချက်စာရင်းကို ပြန်လည်ညှိနှိုင်းသဖြင့်ပိုမိုရခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတွင် တတိယ(၃)လပတ်လျာထားချက်တွင်မပါဝင်သော ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် မိတ္ထီလာမြို့နယ်များရှိ ရုံးအဆောက်အဦများ၏ သွပ်မိုးအဟောင်းများရောင်းချခြင်းကြောင့် ပိုမိုခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် တတိယ(၃) လပတ်၌ လျာထားသော ဆယ်တင်ပစ္စည်း ရောင်းရငွေများအား ဒုတိယ(၃)- လပတ်တွင် ရရှိခဲ့ခြင်းကြောင့် လျော့နည်းခြင်း၊

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာနတွင် မြန်မာ့အလင်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းအတွက် တတိယသုံးလပတ်ရောက်ရှိမှသာ ငွေပေးချေရခြင်း၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နိုင်ငံခြားမှဝယ်ယူ

သောစက်ပစ္စည်းများအတွက် တတိယ(၃)လပတ်ရောက်ရှိမှသာ ငွေပေးချေနိုင်ခြင်းနှင့် ရုံးသုံးစက်ကိရိယာနှင့် မော်တော်ယာဉ်အကြီးစားပြင်ဆင်မှုများအတွက် တတိယ(၃)လပတ်တွင် သုံးစွဲခဲ့ခြင်းကြောင့် ပိုမိုခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊အချို့ပစ္စည်းများအတွက် ငွေပေးချေရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတွင် Wheel loader(၄) စီးဝယ်ယူခြင်းနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန် တင်ဒါခေါ်ယူဆောင်ရွက်ပြီးဖြစ်သော်လည်း ငွေပေးချေမှုမပြုရသေးခြင်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးလုပ်ငန်းတွင် သံခွံရေယာဉ်ပြင်ဆင်ခြင်းနှင့် ပုလဲကျွန်းရှိ ရေငုပ်လူပျိုဆောင် ပြင်ဆင်ခြင်းတို့အတွက် ငွေပေးချေရန် ကျန်ရှိနေခြင်းတို့ကြောင့် လျော့နည်းခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် နိုင်ငံခြားမှ မှာယူထားသောပစ္စည်းများအချိန်မီမရောက်ရှိခြင်း၊ အကြံပေးအဖွဲ့မှ Payment ပေးပို့လာမှုမရှိသေးခြင်း၊ ကုမ္ပဏီမှ ပေးပို့လာသော ငွေတောင်းခံလွှာများတွင် လိုအပ်ချက်များရှိနေသဖြင့် ငွေပေးချေနိုင်မှုမရှိခြင်း၊ Design Review ညှိနှိုင်းပြီးစီးမှုမရှိသေးခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ငန်းများအချိန်မီပြီးစီးမှုမရှိခြင်း၊ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစက်မှုလုပ်ငန်းတွင် ဆောင်ရွက်ဆဲစီမံကိန်းများ အတိုးပေးချေရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်း၊ တင်ဒါကော်မတီစိစစ်မှုကြောင့် လျော့နည်းခြင်း၊ စက်ပစ္စည်းများအား တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့ ဝယ်ယူရန်အတည်ပြုချက်ရယူဆဲဖြစ်ခြင်း၊ တင်ဒါတင်သွင်းမည့်သူများနှင့် စျေးနှုန်းကိုက်ညီမှုမရှိခြင်းကြောင့် အထွေထွေပိုလျှံရန်ပုံငွေသို့အပ်နှံခဲ့ခြင်း၊ နိုင်ငံခြားမှမှာယူထားသော စက်ပစ္စည်းများအတွက် ပေးချေရန်လျာထားခဲ့သော်လည်း နိုင်ငံပိုင်နိုင်ငံခြားငွေများလျှောက်ထားဆဲဖြစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်ပစ္စည်းများအတွက် ငွေပေးချေနိုင်ရန် တင်ပြဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းသုံးစွဲခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ကြွေးမြီရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၇၄,၇၈၆.၅၆၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၅၀,၆၇၆.၅၄၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၄.၈၃ဖြစ်ပါသည်။

ကြွေးမြီအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၆၂,၉၁၄.၉၄၇ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၃,၇၂၅.၈၆၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၈၇ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း လုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့ စက်ပစ္စည်းများမှာ အချိန်မီပေးသွင်းနိုင်မှု မရှိခြင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာနတွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် တာဘိုင်စက် (၂)လုံးနှင့် ရေနွေးငွေ့တာဘိုင်စက်များ စီးပွားဖြစ်မောင်းနှင်နိုင်ရန် Commissioning ဆောင်ရွက်နေဆဲဖြစ်၍ ငွေပေးချေမှုမရှိသေးခြင်းနှင့်ကုမ္ပဏီမှ Invoice ပေးပို့ လာမှုမရှိခြင်းကြောင့် လျော့နည်းခြင်း။

(၂) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် JICA Two Step Loan ဖြင့် တောင်သူလယ်သမား များသို့ချေးငွေထုတ်ချေးရာတွင် တောင်သူများ၏ချေးငွေအဆိုပြုလွှာများများ ပြားလာ၍ ပိုမိုထုတ်ချေးနိုင်ခဲ့ခြင်းကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း ဖြစ်ပါသည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရငွေပိုင်းတွင်သာမန်ရငွေရရှိမှု ၁၁၅.၃၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၁၁၄.၃၆ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၅၄.၈၃ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၁၀၆.၄၉ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ကြွေးမြီ ရငွေ ပိုင်းတွင် လျာထားချက် ပြည့်မီရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၇.၃၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၅၇.၁၂ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၀၀.၈၇ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း အသုံးစရိတ် ၉၁.၁၉ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထား ချက်နှင့်နီးစပ်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်း၊ငွေလုံးငွေရင်းအသုံးစရိတ် ပိုင်းတွင် လျာထားချက်ထက် လျော့နည်းစွာသုံးစွဲခဲ့ပြီး ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက်ကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိ ရပါသည်။

နောက်ဆက်တွဲ(င)



၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေသုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉၅,၉၆၉.၀၀၀ | ၉၃,၉၉၅.၈၅၃ | +၁,၉၇၃.၁၄၇ | ၈၀,၂၂၄.၉၃၀ | ၉၇,၉၃၆.၅၉၁ | -၁၇,၇၁၁.၆၆၁ | ၈၃.၅၉% | ၁၀၄.၁၉% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၆၅,၁၀၆.၁၉၂ | ၂၅၁,၇၈၈.၂၆၅ | +၁၃,၃၁၇.၉၂၇ | ၂၄၈,၁၈၂.၁၆၃ | ၂၃၇,၉၅၄.၄၉၆ | +၁၀,၂၂၇.၆၆၇ | ၉၃.၆၂% | ၉၄.၅၀% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၉၁,၂၉၁.၅၉၂ | ၁၇၉,၀၃၅.၁၈၆ | +၁၂,၂၅၆.၄၀၆ | ၁၇၈,၁၆၉.၇၂၇ | ၁၇၂,၂၇၀.၄၈၈ | +၅,၇၉၉.၂၃၉ | ၉၃.၁၄% | ၉၆.၂၀% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၇၃,၈၁၄.၆၀၀ | ၇၂,၇၅၃.၀၇၉ | +၁,၀၆၁.၅၂၁ | ၇၀,၀၁၂.၄၃၆ | ၆၅,၁၈၄.၀၀၈ | +၄,၈၂၈.၄၂၈ | ၉၄.၈၅% | ၈၉.၆၀% |
| | | စုစုပေါင်း | ၃၆၁,၀၇၅.၁၉၂ | ၃၄၅,၇၈၄.၁၁၈ | +၁၅,၂၉၁.၀၇၄ | ၃၂၈,၄၀၇.၀၉၃ | ၃၃၅,၈၉၁.၀၈၇ | -၇,၄၈၃.၉၉၄ | ၉၀.၉၅% | ၉၇.၁၄% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၂,၄၈၄.၈၀၀ | ၇၅,၈၄၇.၁၁၈ | -၁၃,၃၆၂.၃၁၈ | ၅၆,၉၈၈.၆၁၁ | ၆၄,၈၇၈.၃၅၃ | -၇,၈၈၉.၇၄၂ | ၉၁.၂၀% | ၈၅.၅၄% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၂၅၂,၇၀၁.၀၂၈ | ၂၃၅,၄၀၀.၄၆၄ | +၁၇,၃၀၀.၅၆၄ | ၂၄၄,၀၈၃.၆၁၆ | ၂၂၉,၄၉၀.၇၂၃ | +၁၄,၅၉၂.၈၉၃ | ၉၆.၅၉% | ၉၇.၄၉% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၈၄,၄၈၆.၀၂၈ | ၁၆၈,၄၃၃.၇၂၅ | +၁၆,၀၅၂.၃၀၃ | ၁၇၇,၂၇၂.၇၇၆ | ၁၆၈,၀၇၅.၄၀၆ | +၉,၁၉၆.၉၇၀ | ၉၆.၀၉% | ၉၉.၇၉% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆၈,၂၁၅.၀၀၀ | ၆၆,၉၆၆.၇၃၉ | +၁,၂၄၈.၂၆၁ | ၆၆,၈၁၁.၂၄၀ | ၆၁,၄၁၅.၃၁၇ | +၅,၃၉၅.၉၂၃ | ၉၇.၉၄% | ၉၁.၇၀% |
| | | စုစုပေါင်း | ၃၁၅,၁၈၅.၈၂၈ | ၃၁၁,၂၄၇.၅၈၂ | +၃,၉၃၈.၂၄၆ | ၃၀၁,၀၇၂.၂၂၇ | ၂၉၄,၃၆၉.၀၇၆ | +၆,၇၀၃.၁၅၁ | ၉၅.၅၂% | ၉၄.၅၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂,၂၄၇.၅၀၀ | ၁၅,၇၄၈.၇၇၅ | -၁၃,၅၀၁.၂၇၅ | | ၁၄,၀၉၈.၃၉၀ | -၁၄,၀၉၈.၃၉၀ | | ၈၉.၅၂% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၁၆,၃၈၇.၈၀၁ | -၁၆,၃၈၇.၈၀၁ | | ၈,၄၆၃.၇၇၃ | -၈,၄၆၃.၇၇၃ | | ၅၁.၆၅% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၁၀,၆၀၁.၄၆၁ | -၁၀,၆၀၁.၄၆၁ | | ၄,၆၉၅.၀၈၂ | -၄,၆၉၅.၀၈၂ | | ၄၄.၂၉% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၅,၇၈၆.၃၄၀ | -၅,၇၈၆.၃၄၀ | | ၃,၇၆၈.၆၉၁ | -၃,၇၆၈.၆၉၁ | | ၆၅.၁၃% |
| | | စုစုပေါင်း | ၂,၂၄၇.၅၀၀ | ၃၂,၁၃၆.၅၇၆ | -၂၉,၈၈၉.၀၇၆ | | ၂၂,၅၆၂.၁၆၃ | -၂၂,၅၆၂.၁၆၃ | | ၇၀.၂၁% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃၁,၂၃၆.၇၀၀ | ၂,၄၀၀.၀၀၀ | +၂၈,၈၃၆.၇၀၀ | ၂၃,၂၃၆.၃၁၉ | ၁၈,၉၅၉.၈၄၈ | +၄,၂၇၆.၄၇၁ | ၇၄.၃၉% | ၇၈၉.၉၉% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၁၂,၄၀၅.၁၆၄ | | +၁၂,၄၀၅.၁၆၄ | ၄,၀၉၈.၅၄၇ | | +၄,၀၉၈.၅၄၇ | ၃၃.၀၄% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၆,၈၀၅.၅၆၄ | | +၆,၈၀၅.၅၆၄ | ၈၉၇.၃၅၁ | | +၈၉၇.၃၅၁ | ၁၃.၁၉% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၅,၅၉၉.၆၀၀ | | +၅,၅၉၉.၆၀၀ | ၃,၂၀၁.၁၉၆ | | +၃,၂၀၁.၁၉၆ | ၅၇.၁၇% | |
| | | စုစုပေါင်း | ၄၃,၆၄၁.၈၆၄ | ၂,၄၀၀.၀၀၀ | +၄၁,၂၄၁.၈၆၄ | ၂၇,၃၃၄.၈၆၆ | ၁၈,၉၅၉.၈၄၈ | +၈,၃၇၅.၀၁၈ | ၆၂.၆၃% | ၇၈၉.၉၉% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၃၁၅,၁၈၅.၈၂၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀၁,၀၇၂.၂၂၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၅၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၃၁၁,၂၄၇.၅၈၂ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၉၄,၃၆၉.၀၇၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၄.၅၈ ဖြစ်ပါသည်။သာမန်ရငွေ၊သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေများမှာအောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် ရေယာဉ်(၃)စီးပြင်ဆင်ရန် လျာထားခဲ့သော်လည်း တန်ဖိုးနည်းရေယာဉ်များကိုသာ ပြင်ဆင်ခဲ့ရခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် လေယာဉ်ဆီ၊ လေယာဉ်အရန်ပစ္စည်းနှင့် လေယာဉ်ငှားရမ်းခများအတွက် ပေးချေရန် ငွေတောင်းခံလွှာလက်ခံရရှိမှုအခြေအနေအရ စတုတ္ထ(၃)လပတ်ရောက်ရှိမှသာ ဆက်လက်ပေးချေရမည်ဖြစ်ခြင်းတို့ကြောင့် လျော့နည်းသုံးစွဲခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက်ကျပ် ၂,၂၄၇.၅၀၀ သန်းလျာထားသော်လည်း အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃) လပတ်လျာထားချက် ကျပ် ၃၂,၁၃၆.၅၃၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၂,၅၆၂.၁၆၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၀.၂၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းတွင် ဒုတိယ(၃)လပတ်၌ ရငွေများပိုမိုရရှိပြီးဖြစ်၍ တတိယ(၃)လပတ်တွင် လျော့နည်းရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan ဖြင့် ဆောင်ရွက်သောတည်ဆောက်ရေးလုပ်ငန်းများမှာ လုပ်ငန်းပြီးစီးသော်လည်း Payment အစီအစဉ်အတိုင်း JICA ၏ စိစစ်မှုအပေါ် အခြေခံ၍ ပေးချေရခြင်း၊ အချို့သောလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် World Bank ချေးငွေဖြင့် ဝယ်ယူသည့် ပစ္စည်းများအတွက် ဒုတိယ(၃)လပတ်တွင် ပေးချေခဲ့ခြင်းကြောင့် တတိယ(၃)လပတ်တွင် ငွေပေးချေမှုလျော့နည်းခြင်း၊ရုံးသုံးစက်ကိရိယာများ၊ရုံးသုံးပရိဘောဂများ၊ရုံးသုံးယာဉ်များအတွက် ပစ္စည်းများဝယ်ယူရာတွင် တင်ဒါခေါ်ယူစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် (စက်တပ်ဆင်မှုစရိတ်စက) လုပ်ငန်းခန့်မှန်းခြေစာရင်း(WA)များကို ကျွမ်းကျင်မှုဆိုင်ရာစိစစ်ရေးအဆင့်ဆင့် ဆောင်ရွက်နေရခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောနိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၄၃,၆၄၁.၈၆၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၂၇,၃၃၄.၈၆၆ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၆၂.၆၃ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် တတိယ(၃) လပတ် လျာထားချက်ကျပ် ၂,၄၀၀.၀၀၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၉၅၉.၈၄၈ သန်းဖြစ်သဖြင့်ရာခိုင်နှုန်း ၇၈၉.၉၉ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan ဖြင့်ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းပြီးစီးသော်လည်း Payment အစီအစဉ်အရ JICA ၏ စိစစ်မှုအပေါ် အခြေခံ၍ ချေးငွေရရှိခြင်းနှင့်လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ပစ္စည်းများရောက်ရှိပြီးဖြစ်သော်လည်း ငွေပေးချေရန်အတွက် လိုအပ်သောအထောက်အထားများပြည့်စုံအောင်ဆောင်ရွက်နေဆဲဖြစ်သောကြောင့် ငွေပေး

ချေနိုင်မှုမရှိခြင်းနှင့် World Bank ချေးငွေဖြင့် ကျေးရွာများခေတ်အား ရရှိရေး တည်ဆောက်ရန်လိုအပ်သည့် ပစ္စည်းများဝယ်ယူခြင်းအတွက် ဒုတိယ (၃) လပတ် အတွင်းငွေပေးချေခဲ့ခြင်းကြောင့် လျော့နည်းခြင်း ။

(၂) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်သည် မြန်မာအမျိုးသားလေကြောင်းအတွက် လေယာဉ် ငှားရမ်းခများ အချိန်မီပေးချေနိုင်ရေးအတွက် ထုတ်ချေးခြင်းနှင့် မြန်မာအမျိုးသား လေကြောင်းတွင် ဒုတိယ(၃)လပတ်၌သုံးစွဲရန်ကျန်ရှိသော အရင်းပေးဆပ်မှု များကို တတိယ(၃)လပတ်မှသာ အပြည့်အဝပေးချေခဲ့ခြင်းကြောင့် ပိုမိုခြင်း ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၄၀၇.၀၁၃ | ၃၅၅.၆၈၃ | +၅၁.၃၃၀ | ၂၃၃.၆၅၆ | ၃၂၂.၇၅၃ | -၈၉.၀၉၇ | ၆၇.၂၄% | ၉၀.၇၄% |
| | စုစုပေါင်း | ၄၀၇.၀၁၃ | ၃၅၅.၆၈၃ | +၅၁.၃၃၀ | ၂၃၃.၆၅၆ | ၃၂၂.၇၅၃ | -၈၉.၀၉၇ | ၆၇.၂၄% | ၉၀.၇၄% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၄၀၇.၀၁၃ | ၃၅၅.၆၈၃ | +၅၁.၃၃၀ | ၂၇၃.၆၅၆ | ၃၂၂.၇၅၃ | -၄၉.၀၉၇ | ၆၇.၂၄% | ၉၀.၇၄% |
| | စုစုပေါင်း | ၄၀၇.၀၁၃ | ၃၅၅.၆၈၃ | +၅၁.၃၃၀ | ၂၇၃.၆၅၆ | ၃၂၂.၇၅၃ | -၄၉.၀၉၇ | ၆၇.၂၄% | ၉၀.၇၄% |

# တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၄၀၇.၀၁၃သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၇၃.၆၅၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၆၇.၂၄ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၃၅၅.၆၈၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၂၂.၇၅၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၀.၇၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေလျော့နည်းရရှိမှု။** တပ်နယ်များ၏နယ်နိမိတ်အတွင်းနှင့် တပ်နယ်ဈေးများအတွင်းအခွန်အခများလျော့နည်းရရှိခြင်း၊ စည်းကမ်းချက်နှင့်ကိုက်ညီမှုမရှိသော ဈေးဆိုင်ခန်းများ ဖျက်သိမ်းခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** မိမိရန်ပုံငွေဖြင့်လုပ်ငန်းများလည်ပတ်ရသောအဖွဲ့အစည်းများဖြစ်ပြီး ရန်ပုံငွေလုံလောက်အောင် လိုအပ်သည့်ငွေများကိုစနစ်တကျ စိစစ်သုံးစွဲရခြင်းကြောင့် လျော့နည်းသုံးစွဲရခြင်း။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၃၃.၀၂၀ | ၂၅.၃၄၄.၃၃၈ | -၂၅.၅၁၁.၃၁၈ | ၅၀.၅၅၄ | ၁၇,၀၁၃.၈၇၅ | -၁၆,၉၆၃.၃၂၁ | ၁၅၃.၁၀% | ၆၆.၆၀% |
| | စုစုပေါင်း | ၃၃.၀၂၀ | ၂၅.၃၄၄.၃၃၈ | -၂၅.၅၁၁.၃၁၈ | ၅၀.၅၅၄ | ၁၇,၀၁၃.၈၇၅ | -၁၆,၉၆၃.၃၂၁ | ၁၅၃.၁၀% | ၆၆.၆၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၃၃.၀၂၀ | ၁၅၀.၀၁၅ | -၁၁၆.၉၉၅ | ၅၀.၅၅၄ | ၁၇၅.၀၉၆ | -၁၂၄.၅၄၂ | ၁၅၃.၁၀% | ၁၁၆.၇၂% |
| | စုစုပေါင်း | ၃၃.၀၂၀ | ၁၅၀.၀၁၅ | -၁၁၆.၉၉၅ | ၅၀.၅၅၄ | ၁၇၅.၀၉၆ | -၁၂၄.၅၄၂ | ၁၅၃.၁၀% | ၁၁၆.၇၂% |

### ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
### နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း
### (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၂၅,၃၉၄.၃၆၃ | -၂၅,၃၉၄.၃၆၃ | | ၁၆,၈၃၈.၇၇၉ | -၁၆,၈၃၈.၇၇၉ | | ၆၆.၃၁% |
| | စုစုပေါင်း | | ၂၅,၃၉၄.၃၆၃ | -၂၅,၃၉၄.၃၆၃ | | ၁၆,၈၃၈.၇၇၉ | -၁၆,၈၃၈.၇၇၉ | | ၆၆.၃၁% |

နေပြည်တော်ကောင်စီ၏
၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ်
အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ်၃၃.၀၂၀သန်း ဖြစ်ပြီးအကောင်အထည်ဖော်နိုင်မှု ကျပ်၅၀.၅၅၄သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၅၃.၁၀ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃) လပတ် လျာထားချက် ကျပ် ၁၅၀.၀၁၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇၅.၀၉၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၆.၇၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေ နှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တင်ဒါရောင်းချရငွေများ၊ နောက်ကျဒဏ်ကြေးငွေများ နှင့် ပိုထုတ်ငွေမှ ပြန်လည်ပေးသွင်းငွေများ ရရှိခြင်းကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ခရီးသွားလာစရိတ်၊ပစ္စည်းဝယ်ယူခြင်း၊ဆောင်ရွက် ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့်လုပ်အားခ၊ ပညာရေးနှင့်လူမှုရေးအသုံး စရိတ် ခေါင်းစဉ်များမှာ ခန့်မှန်းထားသည်ထက် ပိုမိုသုံးစွဲရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ် ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၂၅,၃၉၄.၃၆၃ သန်း ဖြစ်ပြီး၊ အကောင် အထည်ဖော်နိုင်မှုမှာ ကျပ် ၁၆,၈၃၈.၇၇၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၆.၃၁ ဖြစ်ပါ သည်။ ငွေလုံးငွေရင်းသုံးငွေနှင့်ပတ်သက်၍ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** တတိယ(၃)လပတ်အတွင်း ငွေလုံး ငွေရင်းလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပြီး ကုန်ကျငွေများအား ပထမအကြိမ် (၂၅%) သာ ထုတ်ယူခြင်းကြောင့် လျော့နည်းရခြင်း။

နောက်ဆက်တွဲ(ဇ)



## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၂၂,၉၅၉,၃၂၂ | ၂၃,၀၀၀,၃၀၃ | +၁၉၉,၉၅၉,၀၁၉ | ၂၂၄,၄၀၇,၃၀၇ | ၂၃,၀၀၀,၃၀၃ | +၂၀၁,၄၀၇,၀၀၄ | ၁၀၀.၆၅% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၂၂၂,၉၅၉,၃၂၂ | ၂၃,၀၀၀,၃၀၃ | +၁၉၉,၉၅၉,၀၁၉ | ၂၂၄,၄၀၇,၃၀၇ | ၂၃,၀၀၀,၃၀၃ | +၂၀၁,၄၀၇,၀၀၄ | ၁၀၀.၆၅% | ၁၀၀.၀၀% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂၁၅,၅၂၈.၅၅၈ | ၂၁,၀၈၆.၄၃၅ | +၁၉၄,၄၄၂.၁၂၃ | ၂၂၄,၄၀၇.၇၀၇ | ၂၁,၀၈၆.၄၃၅ | +၂၀၃,၃၂၁.၂၇၂ | ၁၀၄.၁၂% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၂၁၅,၅၂၈.၅၅၈ | ၂၁,၀၈၆.၄၃၅ | +၁၉၄,၄၄၂.၁၂၃ | ၂၂၄,၄၀၇.၇၀၇ | ၂၁,၀၈၆.၄၃၅ | +၂၀၃,၃၂၁.၂၇၂ | ၁၀၄.၁၂% | ၁၀၀.၀၀% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း
(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | | ၁,၉၁၄.၂၆၈ | -၁,၉၁၄.၂၆၈ | | ၁,၉၁၄.၂၆၈ | -၁,၉၁၄.၂၆၈ | | ၁၀၀.၀၀% |
| | စုစုပေါင်း | | ၁,၉၁၄.၂၆၈ | -၁,၉၁၄.၂၆၈ | | ၁,၉၁၄.၂၆၈ | -၁,၉၁၄.၂၆၈ | | ၁၀၀.၀၀% |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း
(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၇,၄၃၁.၁၆၄ | | +၇,၄၃၁.၁၆၄ | | | | | |
| | စုစုပေါင်း | ၇,၄၃၁.၁၆၄ | | +၇,၄၃၁.၁၆၄ | | | | | |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
## ၂၀၁၈ -၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သာမန်ရငွေပိုင်းတွင် တတိယ (၃) လပတ်လျာထားချက်ကျပ်၂၁၅,၅၂၈.၅၅၈သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၂၄,၄၀၇.၇၀၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၄.၁၂ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက်ကျပ်၂၁,၀၈၆.၄၃၅ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၁,၀၈၆.၄၃၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ငွေတိုက်စာချုပ်၊ငွေတိုက်လက်မှတ်များအပေါ်မှအတိုးရငွေများ ပိုမိုရရှိခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ်လျာထားချက်ကျပ် ၁,၉၁၄.၂၆၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၉၁၄.၂၆၈ သန်း ဖြစ်သဖြင့် ၁၀၀ ရာခိုင်နှုန်း ဖြစ်ခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ကြွေးမြီရငွေပိုင်းတွင် တတိယ (၃)လပတ်လျာထားချက်ကျပ် ၇,၄၃၁.၁၆၄ သန်း ဖြစ်ပြီး အကောင်အထည် ဖော်နိုင်မှု မရှိပါ။

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ကြွေးမြီရငွေတွင်ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း လုပ်ငန်းများ အချိန်မီမဆောင်ရွက်နိုင်ခြင်းကြောင့် ချေးငွေမရရှိသဖြင့် လျော့နည်းခြင်းဖြစ်ပါသည်။

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၅.၉၉၃.၈၂၀ | ၈,၀၀၁.၃၃၂ | -၂,၀၀၇.၅၁၂ | ၆,၁၆၆.၇၂၈ | ၁၁,၀၄၆.၆၇၁ | -၄.၈၇၉.၉၄၃ | ၁၀၂.၈၈% | ၁၃၈.၀၆% |
| | စုစုပေါင်း | ၅.၉၉၃.၈၂၀ | ၈,၀၀၁.၃၃၂ | -၂,၀၀၇.၅၁၂ | ၆,၁၆၆.၇၂၈ | ၁၁,၀၄၆.၆၇၁ | -၄.၈၇၉.၉၄၃ | ၁၀၂.၈၈% | ၁၃၈.၀၆% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၅,၉၈၂.၀၆၅ | ၇,၆၈၃.၈၄၉ | -၁,၇၀၁.၇၈၄ | ၆,၁၅၃.၉၇၇ | ၁၀,၂၉၅.၉၅၁ | -၄,၁၄၁.၉၇၄ | ၁၀၂.၈၇% | ၁၃၃.၉၉% |
| | စုစုပေါင်း | ၅,၉၈၂.၀၆၅ | ၇,၆၈၃.၈၄၉ | -၁,၇၀၁.၇၈၄ | ၆,၁၅၃.၉၇၇ | ၁၀,၂၉၅.၉၅၁ | -၄,၁၄၁.၉၇၄ | ၁၀၂.၈၇% | ၁၃၃.၉၉% |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် (ဧပြီလမှ ဇွန်လကုန်အထိ)
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း
### (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် လျာထားချက် | | | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | တတိယ(၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၁.၇၅၅ | ၃၁၇.၄၈၃ | -၃၀၅.၇၂၈ | ၁၂.၇၅၁ | ၇၅၀.၇၂၀ | -၇၃၇.၉၆၉ | ၁၀၈.၄၇% | ၂၃၆.၄၆% |
| | စုစုပေါင်း | ၁၁.၇၅၅ | ၃၁၇.၄၈၃ | -၃၀၅.၇၂၈ | ၁၂.၇၅၁ | ၇၅၀.၇၂၀ | -၇၃၇.၉၆၉ | ၁၀၈.၄၇% | ၂၃၆.၄၆% |

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၅,၉၈၂.၀၆၅ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၆,၁၅၃.၉၇၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၂.၈၇ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၇,၆၈၃.၈၄၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀,၂၉၅.၉၅၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၃.၉၉ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** မြေ၊ ဂရန်ဝန်ဆောင်ခရငွေ၊ ဆက်သွယ်ရေးတာဝါတိုင်မြေနေရာ ငှားရမ်းခ၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံမှ ရငွေများ ပိုမိုရရှိခြင်းကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေပိုမိုသုံးစွဲမှု။** ပညာရေးနှင့်လူမှုရေးအသုံးစရိတ်ခေါင်းစဉ်တွင် ဒုတိယ(၃)လပတ်တွင် ဖွင့်လှစ်ရန်လျာထားခဲ့သော Video Editing Photoshop သင်တန်းအား တတိယ(၃)လပတ်တွင် ဖွင့်လှစ်ခဲ့ခြင်းကြောင့် ပိုမိုရခြင်း၊ နေပြည်တော် နယ်နိမိတ်အတွင်း လစဉ် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယ(၃)လပတ်အတွင်း ဆောင်ရွက်ရန်လျာထားခဲ့သည့် အဆောက်အဦ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ လမ်းတံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့်ရေနှင့်သန့်ရှင်းမှု(အခြား) လုပ်ငန်းများမှာ လုပ်ငန်းသဘာဝအရ တတိယ(၃)လပတ်မှသာပိုမိုဆောင်ရွက်ခဲ့ရခြင်းတို့ကြောင့် ပိုမိုရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ငွေလုံးငွေရင်းရငွေပိုင်းတွင် တတိယ(၃)လပတ်လျာထားချက် ကျပ် ၁၁.၇၅၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂.၇၅၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၄၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် တတိယ(၃)လပတ် လျာထားချက် ကျပ် ၃၁၇.၄၈၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၅၀.၇၂၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၃၆.၄၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူထားသော ရေမီတာရောင်းချရငွေများသည် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လမ်းတံတား လုပ်ငန်းများကို လျာထားသည်ထက် ပိုမိုဆောင်ရွက်ရခြင်း၊ ရေပေးရေးလုပ်ငန်း များတွင် အသုံးပြုသည့် စက်ပစ္စည်းများ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ ရုံးသုံး စက်ကိရိယာများနှင့် ရုံးသုံးယာဉ်များ ဝယ်ယူသုံးစွဲရာတွင် လျာထားသည်ထက် ပိုမိုသုံးစွဲရခြင်း။

၁။ ပြည်ထောင်စုဌာန၊အဖွဲ့အစည်းအားလုံး၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၇.၆၈ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၅၉.၆၃ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၆၅.၉၄ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှု ၁၀၂.၄၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၉၃.၉၉ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၆၅.၃၁ ရာခိုင်နှုန်း၊ကြွေးမြီအသုံးစရိတ် ၁၁၃.၇၅ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၈၈.၃၀ ရာခိုင်နှုန်း ဖြစ်ပါသည်။သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ သုံးစွဲနိုင်ခဲ့ပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန် လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် ကျော်လွန်သုံးစွဲထားကြောင်း တွေ့ရှိရပါသည်။

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ရငွေ၊ သုံးငွေ များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရငွေပိုင်းတွင် သာမန်ရငွေများ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေများ လျာထားသည်ထက် လျော့နည်းရရှိသဖြင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများကို ပေးအပ်မည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းရာ၌ ဘဏ္ဍာရေးနှစ်အလိုက်ထည့်သွင်းလျာထားမှုကို ယခုထက်ပိုမိုနီးစပ်အောင် လျာထားသင့်ပါသည်။

၃။ သုံးငွေပိုင်းတွင် ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ အချို့ဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအလိုက်သာ ငွေပေးချေရခြင်း၊ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေဖြင့် သုံးစွဲသောအသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိသေးခြင်းနှင့် ကြွေးမြီအသုံးစရိတ်များ လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်းမှာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် မြန်မာ့အမျိုးသားလေကြောင်းအတွက် လေယာဉ် ငှားရမ်းခများပေးချေနိုင်ရေး ထုတ်ချေးခြင်းတို့ကြောင့်ဖြစ်ပါသည်။

၄။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ်နှင့် အလားတူကာလဖြစ်သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ(၆)လအတွက် ပထမ(၃)လပတ် ရငွေ၊သုံးငွေများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်းနှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ်နှင့်အလားတူကာလဖြစ်သော ၂၀၁၈ ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပထမ(၃)လပတ် ယာယီအမှန်စာရင်းအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈(၆)လ ပထမ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ၂၀၁၈-၂၀၁၉ တတိယ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်း ရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | ရငွေ | ၃,၅၈၉,၅၉၄.၅၀၃ | ၅,၃၂၁,၆၁၉.၂၈၄ | (+)၁,၇၃၂,၀၂၄.၇၈၁ |
| | သာမန် | ၃,၄၉၂,၈၉၂.၀၇၄ | ၄,၉၀၄,၁၇၄.၆၆၂ | (+)၁,၄၁၁,၂၈၂.၅၈၈ |
| | ငွေလုံးငွေရင်း | ၁၂,၃၁၆.၅၈၇ | ၄၈,၃၄၈.၈၃၂ | (+)၃၆,၀၃၂.၂၄၅ |
| | ကြွေးမြီ | ၈၄,၃၈၅.၈၄၂ | ၃၆၉,၀၉၅.၇၉၀ | (+)၂၈၄,၇၀၉.၉၄၈ |
| (ခ) | သုံးငွေ | ၃,၉၃၂,၆၅၄.၉၁၄ | ၆,၃၁၇,၃၂၆.၅၇၄ | (+)၂,၃၈၄,၆၇၁.၆၆၀ |
| | သာမန် | ၃,၅၁၈,၈၁၄.၂၆၅ | ၅,၁၆၇,၈၁၇.၁၆၉ | (+)၁,၆၄၉,၀၀၂.၉၀၄ |
| | ငွေလုံးငွေရင်း | ၃၃၁,၉၆၆.၇၅၁ | ၉၉၀,၁၁၄.၈၂၃ | (+)၆၅၈,၁၄၈.၀၇၂ |
| | ကြွေးမြီ | ၈၁,၈၇၃.၈၉၈ | ၁၅၉,၃၉၄.၅၈၂ | (+)၇၇,၅၂၀.၆၈၄ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၃၄၃,၀၆၀.၄၁၁ | (-)၉၉၅,၇၀၇.၂၉၀ | (-)၆၅၂,၆၄၆.၈၇၉ |

၅။ အထက်ပါဇယားအရ ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပထမ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေသည် ကျပ် ၁,၇၃၂,၀၂၄.၇၈၁သန်း ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လအတွက် ပထမ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၂,၃၈၄,၆၇၁.၆၆၀ သန်း ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။